# ဥပဒေပြုလွှတ်တော် လစာနှင့်စရိတ် နည်းဥပဒေများ။
## ၁၉၃၈ ခု၊ မတ်လ ၂၂ ရက်နေ့စွဲပါ ဘဏ္ဍာရေးဌာန၏ ပြန်တမ်းအမှတ် ၂၈။

### အပိုင်း ၁။ ။ အဓိပ္ပါယ်ရှင်းလင်းချက်များ။

၁။ နည်းဥပဒေများတွင် -

(က) **"အက်ဥပဒေ"** ဆိုသည်မှာ၊ ၁၉၃၈ ခုနှစ်၊ ဥပဒေပြုလွှတ်တော်လစာနှင့်စရိတ် အက်ဥပဒေကို ဆိုလို သည်။

(ခ) **"အတွင်းဝန်"** ဆိုသည်မှာ၊ အထက်လွှတ်တော်အတွက်၊ ၎င်း၏အတွင်းဝန်နှင့် အောက်လွှတ်တော် အတွက်၊ ၎င်း၏ အတွင်းဝန်ဖြစ်သည်။

(ဂ) ညီလာခံ စတင်ကျင်းပသည့်နေ့မှ ညီလာခံပြီးဆုံးသည့် နေ့အထိ၊ ထိုအချိန်ကာလ အတောအတွင်း တွင် ညီလာခံရွှေ့ဆိုင်းထားသည့် ရက်များကိုလည်း ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပ သည့်ရက်များဟုပင် မှတ်ယူရမည်။

(ဃ) **"ရပ်နားစရိတ်"** ဆိုသည်မှာ၊ အမတ်တဦးသည် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးသို့တက် ရောက်ရန် ကိစ္စအတွက် ခရီးထွက်လာရ၍၎င်း၊ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးမှ အပြန်ခရီး တွင်၎င်း၊ မိမိ၏အကြောင်းကြားထားသော နေရာမှအပ အခြားနေရာတခုခုတွင် မရပ်မနားဘဲ မဖြစ်သ ဖြင့်၊ တနေကုန်ရပ်နားရသော နေ့တနေ့အတွက် ထုတ်ယူသော စရိတ်ကို ဆိုလိုသည်။

(င) **"အကြောင်းကြားထားသောနေရာ"** ဆိုသည်မှာ၊ အမတ်တဦးက မိမိကိုယ်တိုင်အတွင်းဝန်ထံသို့ အ ကြောင်းကြားထားသော မိမိနေထိုင်ရာနေရာကို ဆိုလိုသည်။

(စ) **"ရန်ကုန်မြို့"** ဆိုသည်မှာ၊ ရန်ကုန်မြူနီစီပါယ်နယ်နိမိတ်မှ ကျော်လွန်၍ (၂) မိုင်အတွင်းရှိ အရပ်ဒေ သလည်း ပါဝင်သည်။

(ဆ) အက်ဥပဒေတွင် ရှင်းလင်းထားသည့် အသုံးအနှုန်းများကို၊ ယခုနည်းဥပဒေများတွင် သုံးစွဲပါက၊ ထိုရှင်းလင်းသည့် အဓိပ္ပါယ်များ အတိုင်းသုံးစွဲခြင်း ဖြစ်သည်။

### အပိုင်း ၂။ ။ လစာများနှင့် နေထိုင်ရေးစရိတ်များ။

၂။ ။ အက်ဥပဒေ၏ ပုဒ်မ ၆ ၏ ချွင်းချက်နှင့် မဆန့်ကျင်လျှင် လုပ်ကိုင်ခဲ့ပြီးသည့် လအတွက်၊ နောက်လ ၁ ရက်နေ့တွင် ရတိုက်ပြီးထုတ်ယူနိုင်သည်။ အမတ်တဦး၏ နေရာသည် လစ်လပ်ပါက၊ ထိုအမတ်၏လ စာသည် လစ်လပ်သည့်နေ့ နောက်တနေ့တွင် ရထိုက်သည်ဖြစ်၍ နောက်မည်သည့်နေ့ရက်များတွင်သော် ၎င်း၊ သုံးလမကုန်ဆုံးမီအတွင်း ထုတ်ယူနိုင်သည်။ ထိုကဲ့သို့ နေရာလစ်လပ်ကြောင်း၊ ကျေညာစာတမ်း၏ မိတ္တူတစောင်ကို လစာဘီ (လ်) တွင် တွဲ၍ပေးပို့ရမည်။

၃။ ။ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပနေစဉ်အတွင်း ညီလာခံ၊ သို့တည်းမဟုတ် အစည်း အဝေးကျင်းပရာအရပ်တွင် အကယ်နေထိုင်သော နေ့အသီးသီးအတွက်၎င်း၊ ညီလာခံ၊ သို့တည်းမဟုတ်

Myanmar Law Information System (MLIS)

အစည်းအဝေးကျင်းပရာနေရာသို့ ဆိုက်ရောက်သည့်နေ့နှင့် ၎င်းမှထွက်ခွါသွားသည့် နေ့များအတွက်၎င်း၊ အက်ဥပဒေပုဒ်မ ၃ အရ၊ နေထိုင်ရေးစရိတ်ကို ထုတ်ယူနိုင်သည်။ နေထိုင်ရေးစရိတ်ကို လစာထုတ်သည့် ဘီ (လ်) အရသော်၎င်း ထုတ်ယူနိုင်သည်။ ညီလာခံ၊ သို့မဟုတ် အစည်းအဝေးစတင်မည့်နေ့ထက် ၃ ရက် ကြိုတင်ပြီး၊ ၎င်းပြင် အဆိုပါ အစည်းအဝေးများပြီးပါက၊ ပြီးသည့်နေ့မှစပြီး ၃ ရက်အတွင်း အတွင်းဝန် က အစည်းအဝေးများစတင်ကျင်းပသည့်နေ့နှင့် ပြီးဆုံးသည့်နေ့များကို စာရင်းစစ်မင်းကြီးထံ အကြောင်း ကြားရမည်။ နေထိုင်ရေးစရိတ်ကို ရထိုက်သည့် နေ့မှ ၃ လအတွင်း ထုတ်ယူရမည်။

၄။ ။ (က) ဤနည်းဥပဒေပုဒ်မ၏ ပုဒ်မခွဲ (၂) အရ၊ ဘဏ်တခုအားဓင်း၊ ကိုယ်စားလည်တဦးအား၎င်း၊ လစာထုတ်ပေးနိုင်ခွင့် ပြဋ္ဌာန်းထားချက် ပြုထားသည့် ကိစ္စမျိုးမှတပါး၊ သက်ဆိုင်ရာအမတ် ကိုယ်တိုင် တောင်းဆိုသောအခါနှင့် ထိုအမတ်က ရရှိပြီးဖြစ်ကြောင်း၊ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ပြေစာ ပေးအပ်သောအခါ၌သာလျှင်၊ လစာနှင့်နေထိုင်ရေးစရိတ်များကို ထုတ်ပေးလိမ့်မည်။ အမတ်တဦးသည် စာဖြင့်ပန်ကြားလျှင် ထိုပန်ကြားလွှာတွင် အမည်ဖေါ်ပြပါရှိသော စေတမန်အား ငွေ၊ သို့တည်းမဟုတ် ချက်လက်မှတ်ကို ထုတ်ပေးလိမ့်မည်။ သို့ရာတွင် ထိုငွေ သို့တည်းမဟုတ် ချက်လက်မှတ်နှင့်စပ်လျဉ်း၍ လိမ်လည်မှုအတွက်ဖြစ်စေ၊ အလွဲသုံးစားမှုအတွက်ဖြစ်စေ၊ အစိုးရသည် တာဝန်ခံလိမ့်မည်မဟုတ်။

(ခ) အစိုးရအား၊ အာမခံစာချုပ် တင်သွင်းထားပြီးသော ဘဏ်တိုက်၊ သို့တည်းမဟုတ် ကိုယ်စားလည် တဦးမှတဆင့် ရန်ကုန်မြို့တွင် လစာထုတ်ပေးနိုင်သည်။ ထိုကဲ့သို့သော ဘဏ်တိုက်၊ သို့တည်းမဟုတ် ကိုယ်စားလည်တဦးသို့ ထုတ်ပေးရန် မိမိ၏လစာ စာရင်းပေါ်တွင်၊ ထိုအမတ်သည် လက်မှတ်ရေးထိုးမှ သာ ထိုကဲ့သို့လစာကို ထုတ်ပေးလိမ့်မည်။ အစိုးရက လစာကို တဆင့်ထုတ်ပေးနိုင်သည်။ ဘဏ်တိုက်များ နှင့် ကိုယ်စားလည်များစာရင်းကို ဤနည်းဥပဒေများ နောက်ဆက်တွဲစာရင်း (၁) တွင် ဖေါ်ပြထားသည်။

၅။ ။ အမတ်များသည် မိမိတို့၏ နေထိုင်ရာနေရပ်ကို အတွင်းဝန်ထံသို့ စာဖြင့်အကြောင်းကြားထားရ မည်။ အမတ်တဦးသည် မိမိနေထိုင်ရာအရပ် ပြောင်းရွှေ့ခဲ့လျှင်၊ ထိုနည်းပင်စာဖြင့် အတွင်းဝန်ထံသို့ အ ကြောင်း ကြားရမည်။

၆။ ။ မြန်မာနိုင်ငံမှ ပြင်ပသို့ ခရီးထွက်သွားသည့် အမတ်တဦးသည် မိမိ၏လစာကို မြန်မာနိုင်ငံတွင် ထုတ်ပေးရန် မိမိကိုယ်တိုင် စီမံချက်များ ပြုလုပ်ရမည်။

## အပိုင်း ၃။ ။ ခရီးစရိတ်။

၇။ ။ (က) လွှတ်တော် ညီလာခံတခုသို့၊ သို့တည်းမဟုတ် အစည်းအဝေးတခုသို့ ပဌမအကြိမ် လာရောက် သည့်အတွက်နှင့် ထိုညီလာခံမှ၊ သို့တည်းမဟုတ် ထိုအစည်းအဝေးမှ နောက်ဆုံးပြန်သွားသည့်အတွက် အောက်ပါစရိတ်များကို ပေးခွင့်ပြုသည်။

(က) မီးရထားနှင့်သော်၎င်း၊ သင်္ဘောနှင့်သော်၎င်း၊ ခရီးသွားလာရခြင်းအတွက် မီးရထား၊ သင်္ဘောတို့ ၏ သာမန်ပဌမတန်း၏ တယောက်အတွက် အခနှုန်း၏ ၁(၃/၅)၊ အစားအသောက်တွက်မပါ။

(ခ) မီးရထား၊ မီးသင်္ဘောတို့နှင့် မသွားလာနိုင်သော ခရီးအတွက် တမိုင်လျှင် ၁၂ နှုန်း။

(ခ) ရန်ကုန်သို့လာသော သင်္ဘော ၂ စင်း၊ သို့မဟုတ် ၂ စင်းထက်ပို၍ ရှိသဖြင့် အခနှုန်းအမျိုးမျိုးဖြစ်နေ ပါက၊ စီးခဲ့သော သင်္ဘောတွင် အကယ်ပေးရသည့် သင်္ဘောခ၊ အစားအသောက်တွက်မပါ။

(ဂ) လေယာဉ်ပျံဖြင့် ခရီးသွားသောအမတ်၏ ခရီးစရိတ်သည်၊ မီးရထားနှင့်သော်၎င်း၊ သင်္ဘောနှင့်သော် ၎င်း၊ ခရီးသွားလာရသော အမတ်ရရှိမည့် မီးရထား၊ သင်္ဘောတို့၏ ပဌမတန်း အခနှုန်းအတိုင်း ရရှိမည် ထက် မပိုစေရ။

(ဃ) မီးရထား၊ သို့တည်းမဟုတ် သင်္ဘောဖြင့် ခရီးသွားနိုင်ပါလျက်၊ မသွားဘဲ ထိုခရီးကို၊ သို့တည်းမ ဟုတ် ထိုခရီး၏ တစိတ်တဒေသကို ကုန်းလမ်းဖြင့် သွားလျှင်၊ ထိုခရီးအတွက်သော်၎င်း၊ ထိုခရီး၏ တ စိတ်တဒေသအတွက်သော်၎င်း၊ တမိုင်လျှင် ၁၂ နှုန်း။ သို့ရာတွင် ယင်းသို့ထုတ်ယူသော ငွေစုစုပေါင်းသည် မီးရထား၏၊ သို့တည်းမဟုတ် သင်္ဘော၏ ပဌမတန်းဖြင့် ခရီးသွားလာရသဖြင့် ရရှိမည့် ခရီးစရိတ်ထက် မပိုစေရ။

(င) မိမိကိုယ်တိုင်စရိတ် စိုက်ထုတ်မပေးရသည့် ယဉ်တခုခုဖြင့်၊ ခရီးကို၊ သို့တည်းမဟုတ်၊ ခရီး၏ တစိတ်တဒေသကို သွားလာသော အမတ်တဦးသည်၊ ထိုခရီးအတွက်၊ သို့တည်းမဟုတ် ထိုခရီး၏ တစိတ်တဒေသအတွက် ကျသင့်သည့် အခနှင့်ညီမျှသော၊ သို့တည်းမဟုတ် မိုင်နှင့်တွက်၍ ရရှိအပ်သည့် ခရီးစရိတ်နှင့်ညီမျှသော ခရီးစရိတ်ကို ထုတ်ယူခွင့်မရှိ။ သို့သော် ထိုအမတ်သည် မိမိသွားလာရသော ထို ခရီး၊ သို့တည်းမဟုတ် ထိုခရီး၏ တစိတ်တဒေသတွင် တနေ့လျှင် ၆ နာရီအောက်မနည်း သွားလာရ သောနေ့များအတွက် ရပ်နားစရိတ်၏ ထက်ဝက်နှင့်ညီမျှသော စရိတ်ကို ရရှိခွင့်ရှိသည်။

(စ) ညီလာခံကို၊ သို့တည်းမဟုတ် အစည်းအဝေးကို ခေတ္တရွှေ့ဆိုင်းသဖြင့်၊ ထိုရွှေ့ဆိုင်းထားသော ကြားရက်အတွင်းတွင်၊ မိမိအကြောင်းကြားထားသည့် နေရင်းအိမ်သို့ ပြန်သောအမတ်တဦးသည်၊ ခရီးစရိတ် ထုတ်ယူနိုင်သည်။ သို့သော် ထိုသို့ထုတ်ယူသော ခရီးစရိတ်သည် အကယ်၍ ထိုအမတ်သည်၊ ထိုကြားရက်များအတွင်းတွင် ညီလာ ခံကျင်းပရာအရပ်၌ ဆက်လက်နေထိုင်သော်၊ ရရှိမည့်နေထိုင်ရေး စရိတ်ထက်မပိုစေရ။

၈။ ။ အောက်ပါအကြောင်းအချက်များကို ထောက်ထား၍ ရန်ကုန်မြို့အပြင်အပ၌ နေထိုင်သော အမတ် များသည်၊ တနေ့လျှင် ရပ်နားစရိတ် ငွေ၂ဂ/- ထုတ်ယူနိုင်သည်။ သို့ရာတွင် ဤနည်းဥပဒေအပိုဒ် ၂ အရ နေထိုင်ရေးစရိတ်ထုတ်ယူပြီးသော နေ့အတွက် ရပ်နားစရိတ်မထုတ်ယူနိုင်။

(က) အကယ်၍ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးပြီးဆုံးသွားသော်လည်း၊ ထိုညီလာခံ၊ သို့ တည်းမဟုတ် ထိုအစည်းအဝေး ကျင်းပသောနေရာ၌ အမတ်တဦးသည် နောက်ညီလာခံ၊ သို့တည်းမ ဟုတ် နောက်အစည်းအဝေး စတင်ကျင်းပသော နေ့အထိ ဆက်လက်နေထိုင်လျှင်၊ ထိုကြားရက်သည် တို တောင်းပါက၊ ထိုကြားရက်အတွက် ရပ်နားစရိတ် ထုတ်ယူနိုင်သည်။ သို့ရာတွင် ထိုကြားရက်အတွင်း ထို အမတ်သည် ထိုညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးအတွက် နည်းဥပဒေ (၇) အရ တောင်းဆိုသော အသွားအပြန် ခရီးစရိတ်သည်၊ ဤပုဒ်မခွဲအရ ရရှိမည်ဖြစ်သော ရပ်နားစရိတ်ထက်ပိုနေလျှင် ရပ်နားစ ရိတ်ကိုသာ ထုတ်ယူနိုင်သည်။

(ခ) ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ရခိုင်တိုင်းမှညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးတက်ရောက်၍၊ ထိုအရပ်များသို့ ပြန်ရသော အမတ်တဦးသည်၊ မိမိရောက်ရှိသောနေ့မှ ညီလာခံ၊ သို့တည်းမဟုတ် အစည်း အဝေးစတင်ကျင်းပသောနေ့အထိ ကြားရက်များအတွက် ဖြစ်စေ၊ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအ



Myanmar Law Information System (MLIS)

ဝေးပြီးဆုံးသည့် နောက်မှမိမိအရပ်သို့ ထွက်ခွါသွားသော နေ့ရက်အထိ၊ ကြားရက်များအတွက်ဖြစ်စေ၊ ရပ်နားစရိတ် ထုတ်ယူနိုင်သည်။ သို့ရာတွင် ထိုအရပ်များသို့ နေ့စဉ်သွားလာသော သယ်ယူပို့ဆောင်ရေး ယာဉ်များမရှိမှုကြောင့်သာလျှင်၊ ထိုကြားရက်များတွင် ရန်ကုန်မြို့၌ ဆိုင်းငံ့နေထိုင်ရခြင်း ဖြစ်ရမည်။

၉။ ။ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေး ကျင်းပဆဲအခါတွင် ရန်ကုန်မြို့သို့ဖြစ်စေ၊ ရန်ကုန်မြို့မှ ဖြစ်စေ၊ သွားလာသော ကြားဖြတ်ခရီးအတွက် အမတ်တဦးသည်၊ ထိုခရီးတခုခုတွင် ပြည်သူသုံးယာဉ်ရ ထားဖြင့် သွားလာခဲ့သော်၊ သာမန်တယောက်အတွက် ပဌမတန်း အခနှုန်းကို ထုတ်ယူနိုင်သည်။ သို့သော် လည်း ထိုသို့ထုတ်ယူသော ခရီးစရိတ်ကို ရန်ကုန်မြို့တွင် ထိုအမတ်နေထိုင်သောအခါ ထုတ်ယူနိုင်မည့် နေထိုင်ရေး စရိတ်ထက်မပိုစေရ။ သို့သော်လည်း ၇ ရက်နှင့် ၎င်းထက်ပိုသော ပျက်ရက်များအတွက်ဖြစ် စေ၊ သို့တည်းမဟုတ် ထိုအမတ် အကြောင်းကြားထားသော နေရပ်မှ၊ သို့တည်းမဟုတ် နေရပ်သို့ သွား လာရသော ခရီးအတွက် ဤနည်းဥပဒေအရ၊ ထုတ်ယူနိုင်သော ခရီးစရိတ်ထက်ပို၍ နေလျှင် ခရီးစရိတ် ထုတ်ယူခွင့်မရှိ။

၁၀။ ။ တနေရာမှတနေရာသို့ သွားလာရန်ခရီးလမ်းနှစ်မျိုး၊ သို့တည်းမဟုတ် ပိုမိုများပြားသော ခရီးလမ်း များရှိခဲ့လျှင်၊ အတိုဆုံးနှင့်စရိတ်အသက်သာဆုံး လမ်းခရီးကို ထောက်ချင့်၍ ခရီးစရိတ်ကို တွက်ချက်ရ မည်။ အတိုဆုံးခရီးဆိုသည်မှာ အကယ်၍ မီးရထား၊ သင်္ဘောလမ်းများဖြင့် အဆက်အသွယ်ရှိလျှင် အ မတ်တဦးသည် သွားလိုရာအရပ်သို့ မီးရထားနှင့်သော်၎င်း၊ သင်္ဘောနှင့်သော်၎င်း၊ အမြန်ဆုံးသွားလာနိုင် သော ခရီးလမ်းဖြစ်သည်။ အကယ်၍ ထိုသို့မီးရထား၊ သင်္ဘောလမ်းများနှင့် အဆက်အသွယ်မရှိလျှင် သာ မန်အားဖြင့် အများပြည်သူခရီးသည်များ အသုံးပြုသော ခရီးလမ်းဖြစ်သည်။

၁၁။ ။ ခရီးစရိတ် တွက်ချက်ရေးအတွက် ညီလာခံသို့၊ သို့တည်းမဟုတ် အစည်းအဝေးသို့ စတင်ထွက်လာ သော အမတ်နေသည့် အိမ်ကို ခရီးလမ်း၏ အစဟု ယူဆရမည်။ ထိုအမတ်သည်။ လွှတ်တော်ညီလာခံမှ သော်၎င်း၊ သို့ တည်းမဟုတ် အစည်းအဝေးမှသော်၎င်း၊ ပြန်သောအခါ ထိုအစတွင် ထွက်လာသော အိမ်သို့အကယ်၍ ပြန်ပါက၊ ထိုအိမ်ကို၎င်း၊ သို့တည်းမဟုတ် အကြောင်းကြားထားသော နေရပ်ကို၎င်း၊ အမတ်၏ ခရီး လမ်းဆုံးဟု ယူဆရမည်။ သို့ရာတွင် ထိုနှစ်နေရာစလုံးသည် မြန်မာပြည်တွင်း၌ ရှိရမည်။ ဤချွင်းချက် အရ မဟုတ်လျှင် မိမိ၏အကြောင်းကြားထားသော နေအိမ်မှ အသွားအပြန်ခရီးစရိတ်ကဲ့သို့ တွက်ချက်ရမည်။ ရန်ကုန်မြို့ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပလျှင် လွှတ်တော်တည်ရှိရာ ဌာနသည် ခရီးအဆုံးဟု ယူဆရမည်။ ရန်ကုန်မြို့ အပြင်အပအခြားနေရာတွင် ကျင်းပလျှင် ကျင်းပသည့် အဆောက် အဦတည်ရာဌာနကို ခရီးဆုံးရာအရပ်ဟု ယူဆရမည်။

၁၂။ ။ ခရီးသွားခြင်း ပြီးဆုံးသောအခါ ခရီးစရိတ်ဘီ (လ်) စာရင်းကို တင်၍ ငွေထုတ်ယူနိုင်သည်။ သို့ရာ တွင် လွှတ်တော်ညီလာခံ၊ သို့တည်းမဟုတ်၊ အစည်းအဝေးသည် ရန်ကုန်မြို့၌ ကျင်းပခဲ့လျှင် အမတ် တဦးသည် ရန်ကုန်သို့ လာရသည့်အတွက် ခရီးစရိတ်ကို ထုတ်မယူသေးလျှင် ရန်ကုန်သို့လာသည့် ခရီးစရိတ်နှင့်တကွ ရန်ကုန်မှ ၎င်းနေထိုင်သည့် အိမ်သို့ပြန်စရိတ်ကိုပါ၊ ရန်ကုန်မှ မထွက်ခွါမှီ မရှေးမနှောင်း ဘီ (လ်) ပြုလုပ်ပြီး ငွေထုတ်ယူနိုင်သည်။ ခရီးစရိတ်ဘီ (လ်) များကို နည်းဥပဒေ ၄ တွင် ပြဌာန်းထား သည့်အတိုင်း ထုတ်ပေးလိမ့်မည်။

Myanmar Law Information System (MLIS)

၁၃။ ။ အတွင်းဝန်သည် ခရီးစရိတ်များနှင့်စပ်လျဉ်း၍ တောင်းဆိုချက်များကို ထောက်ခံ၍ လက်မှတ်ထိုး ရန်အတွက် ကြီးကြပ်အုပ်ချုပ်သော အရာရှိဖြစ်သည်။

## အပိုင်း ၄။ ။ ရှင်းလင်းချက်။

၁၄။ ။ ဤနည်းဥပဒေများ၏ အဓိပ္ပါယ်ကို ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ ဒွိဟတစုံတရာ ပေါ်ပေါက် ခဲ့လျှင်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ အဆုံးဖြတ်သည် အပြီးအပြတ် အတည်ဖြစ်ရမည်။

ဘဏ္ဍာရေးဌာန

Myanmar Law Information System (MLIS)